# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 12, 2024 Volume 82, Number 9


၁၂.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၄.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၃၁ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပခုက္ကူဈေးကွက်၌ ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် ပဲစင်းငုံသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ပခုက္ကူမြို့နယ်၌ ၄၉၅၁ ဧက၊ ရေစကြိုမြို့နယ်၌ ၄၈၉၇ ဧက၊ မြိုင်မြို့နယ်၌ ၁၂၂၃၂ ဧက၊ ပေါက်မြို့နယ်၌ ၇၉၄၃ ဧက၊ ဆိပ်ဖြူမြို့နယ်၌ ၁၃၃၅ ဧက စုစုပေါင်း ၃၁၃၅၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံသီးနှံမှာ ကုန်ကျစရိတ်သက်သာ၍ စိုက်ပျိုးရန် လွယ်ကူခြင်းကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး သီးသန့်စိုက်ပျိုးမှုနှင့် မြေပဲစိုက်ခင်း၊ ပဲတီစိမ်းစိုက်ခင်းများတွင် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး သီးညှပ်စိုက်ပျိုးခြင်းကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။ ပဲစင်းငုံသီးနှံကို ဇွန်လနှင့်ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးစေ့အနေဖြင့် ပဲစင်းငုံ(အနီ)နှင့်(အဝါ)မျိုးများကို ထွန်းကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့တစ်ပြည်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းခွဲခန့် ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၅ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲစင်းငုံသီးနှံပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၁၁၈,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၄ သိန်းခန့်ရရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံများမှာ ဖေဖော်ဝါရီလ၊ ပထမပတ်မှစတင်ပြီး ပခုက္ကူဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ စက်တင်ဘာလ၊ ပထမပတ်တွင် ပဲစင်းငုံသီးနှံ တစ်တင်းလျှင် ငွေကျပ် ၁၆၃,၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်

ရှိကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ်ရေ ၅၀ မှ ၁၀၀ အိတ်အထိ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်အတွင်း အိတ်ရေ ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစင်းငုံသီးနှံကို ရန်ကုန်နှင့် မန္တလေးမြို့တို့သို့တင်ပို့ပြီး ထိုမှတစ်ဆင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့သို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ပြည်ပဝယ်လိုအားကောင်းသော ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိပြီး တောင်သူများအတွက် အကျိုးအမြတ်ရရှိသော ပဲစင်းငုံသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ခရမ်းချဉ်သီးများ ဈေးကောင်းမရဟု တောင်သူများပြော



ရှမ်းပြည်နယ်ဘက်မှ စိုက်ပျိုးထွက်ရှိသည့် ခရမ်းချဉ်သီးများ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အခြားဒေသများသို့ မတင်ပို့နိုင်သည့်အတွက် ဈေးကောင်းမရကြောင်း ခရမ်းချဉ်သီးစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

ရန်ကုန်တွင် ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၂၅၀၀ အထိရှိသော်လည်း ရှမ်းပြည်ဘက်တွင် တောင်သူများအနေဖြင့် ခရမ်းချဉ်သီးတစ်ပိဿာ ၃၀၀ ကျပ်သာရရှိသည့်အတွက် တောင်သူများ အရှုံးပေါ်နေကြောင်းသိရသည်။

"ရှမ်းပြည်နယ်က ခရမ်းချဉ်သီးစိုက်တဲ့ တောင်သူတွေအနေနဲ့ အခြားဒေသတွေကို ပို့ဖို့အခက်အခဲရှိတယ်။ အထွက်နှုန်းကတိုးတယ်။ ပို့ဆောင်ဖို့အခက်အခဲရှိတော့ အထွက်နှုန်းတိုးပေမဲ့ ဈေးကောင်းမရတဲ့ အခြေအနေတွေကြောင့် အရှုံးပေါ်ပြီး လွှင့်ပစ်လိုက်ရတဲ့ အခြေအနေတွေအထိဖြစ်ကုန်တယ်"ဟု ရှမ်းပြည်နယ်မှ ခရမ်းချဉ်သီးစိုက်တောင်သူတစ်ဦးက ပြောသည်။

ဇူလိုင်လတွင် ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၂၅၀၀ အထိ ဈေးကောင်းရခဲ့သော်လည်း ဩဂုတ်လတွင် ၁၀၀၀ ကျပ်အထိ ကျဆင်းလာကာ ယခု စက်တင်ဘာလပထမအပတ်တွင် တစ်ပိဿာ ကျပ် ၃၀၀ သာရရှိတော့ကြောင်း သိရသည်။

ယင်းအခြေအနေများကြောင့် ရန်ကုန်သို့ ခရမ်းချဉ်သီးအဝင်နည်းလာပြီး ခရမ်းချဉ်သီးဈေးနှုန်းများ ပိုမိုမြင့်တက်လာနိုင်ခြေရှိကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံ၌ ခရမ်းချဉ်သီးကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်စသည့်ဒေသများ၌ စိုက်ပျိုးကြပြီး ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန်မတူညီကြောင်း သိရသည်။

ပုံမှန်အားဖြင့် နှစ်စဉ် မေလမှစက်တင်ဘာလအတွင်း ခရမ်းချဉ်သီးဈေးကောင်းရရှိသော်လည်း ယခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ခရမ်းချဉ်သီးဈေးကွက် မတည်မငြိမ်ဖြစ်နေကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ်နှိုင်းယှဉ်မှုအခြေအနေ

စက်တင်ဘာလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ မြေပဲဆီဆန်ဖြူဈေးနှုန်း အနည်းငယ်မြင့်တက်နေပြီး နှမ်းညို၊ နှမ်းနက်၊ နှမ်းဖြူ၊ မြေပဲလုံးဆန်နီနှင့် မြေပဲလုံး

ဆန်ဖြူဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ စက်တင်ဘာလ ဒုတိယပတ်အတွင်း နှမ်းညို တစ်တင်း ၉၈,၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၁၅၀,၀၀၀-၁၈၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၁၀,၀၀၀-၁၂၅,၀၀၀ ကျပ်ဖြစ်ကာ ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း ၁၀၇,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၁၀,၀၀၀-၁၃၀,၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၁၅၀,၀၀၀- ၁၉၀,၀၀၀ ကျပ်ရှိ၍ ယခုပတ်နှင့်ယခင်ပတ် ကာလတူနှိုင်းယှဉ်ပါက နှမ်းညို တစ်တင်း ၉၀၀၀ ကျပ်ခန့်၊ နှမ်းဖြူ တစ်တင်းလျှင် ၅၀၀၀ ကျပ်ခန့်နှင့် နှမ်းနက် တစ်တင်းလျှင် ၁၀,၀၀၀ ကျပ်ခန့်နှုန်း ကျဆင်းနေကြောင်းသိရသည်။

စက်တင်ဘာလ ဒုတိယပတ်အတွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၈၃၀၀-၈၅၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၈၃၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၇၄၀၀-၇၆၀၀ ကျပ်ရှိပြီး ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၈၇၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၈၈၀၀-၉၀၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၇၄၅၀ ကျပ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲဆီဆန်ဖြူ တစ်ပိဿာလျှင် ၁၅၀ ကျပ်ခန့် မြင့်တက်နေပြီး မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ၂၀၀ ကျပ်ခန့်နှင့် မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ၇၀၀ ကျပ်ခန့် ကျဆင်းနေကြောင်းသိရသည်။ ယခုပတ်အတွင်း ပဲဆီတစ်ပိဿာ ၁၆,၅၀၀-၁၅,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၅,၅၀၀-၁၅,၀၀၀ ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၅၅၅၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၃၇၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**Source:** https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံနှင့်လာအိုနိုင်ငံခေါင်းဆောင်များသည် စီးပွားရေးနှင့်ကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်ရန်ကတိပြု

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E Pham Minh Chinh နှင့် လာအိုနိုင်ငံသမ္မတ Thongloun Sisoulith တို့သည် စက်တင်ဘာလ ၁၀ ရက်ကတွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေး-ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှု၏ ထိရောက်မှုကိုမြှင့်တင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရန် ဆွေးနွေးခဲ့ကြသည်။ လာအိုနိုင်ငံသမ္မတ Sisoulith သည် ဗီယက်နမ်နိုင်ငံသမ္မတ To Lam ၏ ဖိတ်ကြားချက်အရ ဗီယက်နမ် နိုင်ငံသို့ နိုင်ငံတော် အလည်အပတ်ခရီး ရောက်ရှိနေခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား စီးပွားရေးဆိုင်ရာချိတ်ဆက်မှုများ ပူးပေါင်းဆောင်ရွက်ရန် အထူးသဖြင့် အသက်မွေးပညာကျောင်းများ၊ ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ဆက်သွယ်ရေး နှင့်ခရီးသွားလာရေးတို့တွင် ဗီယက်နမ်နှင့်လာအိုနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အတားအဆီးများကို ဖယ်ရှားကာ ဗီယက်နမ်နှင့် လာအိုနိုင်ငံကြား ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် အလုပ်သမားရေးရာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်သွားရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

**Source: Vietnam Economic Times**

**(ဒေါ်ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/

## ကုန်သွယ်မှုအတားအဆီးများရှိနေသော်လည်း အမေရိကန်သို့တင်ပို့သည့် တရုတ်ပို့ကုန်များ မြင့်တက်လာခဲ့

ကုန်သွယ်မှုအတားအဆီးများရှိနေသော်လည်း အမေရိကန်နိုင်ငံသို့ တင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံ၏ ပို့ကုန်များ မြင့်တက်ခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်း၌ ၉-၉-၂၀၂၄ ရက်တွင် “Chinese Exports Rose in August Despite Growing Trade Barriers” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်များအပေါ် ကုန်သွယ်မှုအတားအဆီး ချမှတ်ခံရသော်လည်း ဩဂုတ်လအတွင်း ပို့ကုန်တန်ဖိုးမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ဥရောပသမဂ္ဂက တရုတ်လျှပ်စစ်မော်တော်ယာဉ်များကို အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံခဲ့ပြီး အမေရိကန်နှင့်ကနေဒါနိုင်ငံတို့ကလည်း တရုတ်နိုင်ငံ၏ လျှပ်စစ်မော်တော်ယာဉ်အပါအဝင် အခြားပို့ကုန်များကို အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံရန် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံ၏ ဒုတိယအများဆုံး ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်ပြီး ဇူလိုင်လတွင် တရုတ်၏ ပို့ကုန်ရာခိုင်နှုန်း တိုးနှုန်းသည် ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ဩဂုတ်လတွင် ၁၃ ဒသမ ၄ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း၊ အာဆီယံနိုင်ငံများသို့ တရုတ်၏ ပို့ကုန်တင်ပို့မှုအများဆုံးဖြစ်ပြီး ဥရောပသမဂ္ဂမှာ တတိယနေရာတွင်ရှိကြောင်း၊ ယင်းနိုင်ငံများသို့ ပို့ကုန်တင်ပို့မှုသည် ဩဂုတ်လတွင် အနည်းငယ်နှေးကွေးခဲ့သော်လည်း ၉ ရာခိုင်နှုန်းနှင့် ၅ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် ယခုကဲ့သို့ မြင့်တက်လျက်ရှိသော်လည်း အမေရိကန်နိုင်ငံ၏ စီးပွားရေးအားနည်းလာသည့်အခြေအနေနှင့် အမေရိကန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများကြောင့် မည်သည့်အချိန်အထိ ယခုအတိုင်းတိုးတက်နေမည်ကိုမသိနိုင်ဟု PinPoint Asset Management ၏ အကြီးတန်း စီးပွားရေးပညာရှင် Mr. Zhiwdi Zhang က ဆိုကြောင်း သိရှိရသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှဝင်ရောက်လာသည့် ကုန်ပစ္စည်းများကိုကန့်သတ်ရန် အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံခဲ့သော်လည်း လက်ရှိတွင် တရုတ်ပို့ကုန်များမြင့်တက်လျက်ရှိကြောင်း သိရသည်။

**သံရုံးယာယီတာဝန်ခံ(ကိုယ်စား)**

**ခင်ဆွေဦး(စီးပွားရေးသံမှူး)**

https://myantrade.gov.mm/

## STOCK EXCHANGE (12.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,650 (Shares) | 43,423,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 9,000 | 9,000 | 8,800 | 1,024 | 9,015,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,400 | 110 | 381,700 | 38,929,150 | 136,252 |
| MCB | 00003 | 9,000 | +200 | +2.27% | 8,900 | 9,000 | 8,900 | 6 | 53,500 | 10,400,986 | 93,609 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 112 | 207,200 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 413 | 1,156,400 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 827 | 1,411,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 46 | 211,600 | 10,497,598 | 48,289 |
| MAEX | 00008 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 112 | 386,300 | 23,804,946 | 82,127 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 12th Sep. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 413.90 | +1.73 | +0.42% | 413.92 | 415.11 | 410.41 | 2,650 | 12,823,100 | 8 | 780,698 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Sep. 2024

| Trading Volume | Trading Value |
|---|---|
| 11,750 (Shares) | 47,123,100 (MMK) |

### Main Board

As of 1:00 pm, 12th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,650 (Shares) | 43,423,100 (MMK) |

| MYANPIX | 413.90 ▲ 1.73 |
|---|---|
| Total Volume (shares) | 2,650 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 780,698 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 200 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 50 |